# ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ်ဝယ်ယူခွင့်ပြုရေးကိစ္စနှင့် ဆက်စပ်၍ အသိပေးကြေညာချက်

ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ် ဝယ်ယူခွင့်ကိစ္စကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ လတ်တလော ထုတ်ပြန်ထားခြင်းမရှိပါ။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် နိုင်ငံတော်ပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး အဆိုပါထုတ်ပြန်ချက်အား ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ရုပ်သိမ်းခဲ့ပြီးဖြစ်ပါသည်။ လတ်တလော ဆိုရှယ်မီဒီယာများတွင် ဖော်ပြနေသည့်အချက်အလက်များသည် အဆိုပါ ၂၀၂၀ ပြည့်နှစ်တွင် ထုတ်ပြန်ခဲ့သည့် ကြေညာချက်ပေါ်၌ Facebook Memory ပြန်တက်လာသည့်အပေါ် အချက်အလက်၊ ခုနှစ်ပြင်ဆင်ပြီး ပြည်သူလူထုအကြား မော်တော်ကားဈေးကွက် မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ကြေညာချက်အတု ဖြန့်ဝေဆောင်ရွက်ခြင်းဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန